မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✲ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✲ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ✲ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ✲ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✲ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✲ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✲ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✲ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✲ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✲ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✲ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✲ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံအဝန်း လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးရေး ကြိုတင်ပြင်ဆင်

စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်အောင်မြင်စေရေး အစဉ်တစိုက်ထိန်းသိမ်း

သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးထားစီမံဆောင်ရွက်

နေပြည်တော် မေ ၃၁

တိုင်းပြည်၏ သစ်တောသယံဇာတများကို ရေရှည်ထိန်းသိမ်းရန် လိုအပ်သဖြင့် မိမိတာဝန်ကိုထမ်းဆောင်ရာတွင် မည်သူ့တိုက်တွန်းချက်ကိုမှ စောင့်မနေဘဲ ကျေပွန်စွာထမ်းဆောင်ရန်ဖြစ်ကြောင်း၊ သစ်တောဥပဒေကို လေးစားလိုက်နာရန်နှင့်မလိုက်နာသူများရှိက ထိရောက်စွာ အရေးယူရန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း သစ်တောသယံဇာတအရေးကြီးပုံကို ဒေသခံပြည်သူများသိအောင် စည်းရုံးပညာပေးခြင်းများဆောင်ရွက်ပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်းဖြင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မေ ၃၀ ရက်နှင့် ယနေ့တို့တွင် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ သစ်တောစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားခဲ့သည်။

ထိန်းသိမ်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုအခါ ကမ္ဘာနှင့်အဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် အရေးကြီးလာသဖြင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်စေမည့် လုပ်ငန်းများကို တားဆီးရန်နှင့် သဘာဝ ပတ်ဝန်းကျင် ကောင်းမွန်စေမည့် လုပ်ငန်းများကို ကြိုးစားအားထုတ် ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝတောများ ကောင်းမွန်လာသည်နှင့် အမျှ ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ် ပိုမိုကောင်းမွန်လာမည်ဖြစ် ကြောင်း၊ ယခုနှစ် မိုးရာသီတွင် ဆောင်ရွက်မည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များ စိုက်ပျိုးရာတွင် တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်အောင် စိုက်ပျိုးကြရန် ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်အောင်မြင်စေရေး ကိုလည်း အစဉ်တစိုက် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❍

မကွေးမြို့မ ပျိုးဥယျာဉ်

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မကွေးမြို့မ ပျိုးဥယျာဉ်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်ကင်းဝေးဖို့ ဥပဒေစည်းကမ်းအလေးထားလို့ ဝိုင်းဝန်းလိုက်နာဆောင်ရွက်စို့

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနား ကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၁ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၃၁

လူငယ်လူရွယ်ထုနှင့် ပြည်သူတစ်ရပ်လုံး အကြား ဆေးလိပ်သောက်သုံးမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများအား သူတစ်ပါး၏ ဆေးလိပ်ငွေ့ ရှူရှိုက်ရသည့် အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးတို့အတွက် နိုင်ငံတော်က ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ဥပဒေပါအချက်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုနှင့်နီးနွယ်သည့် ရောဂါအမျိုးမျိုး ဖြစ်ပွားမှု သိသာစွာလျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျခံရသည့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်သူလူထုကသုံးစွဲရသည့် ကျန်းမာရေးအသုံးစရိတ်များသည်လည်း သိသာစွာ လျော့နည်း ကျဆင်းလာမည် ဖြစ်သည့်အပြင် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး

စာမျက်နှာ ၉ ကော်လံ ၁ ●

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၁ ရက်)

ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ယနေ့ နိုင်ငံတကာကိုလေ့လာကြည့်လျှင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်၍ မိမိတို့၏ နေအင်အားတိုးပွားရေး၊ အမျိုးသားစီးပွားရေးဘဝတိုးတက်ခိုင်မာရေးတို့အတွက် အပြိုင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းဖြစ်၍ ကုန်သွယ်မှုမြှင့်တင်နိုင်သည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မြင့်မားတိုးတက်လာမည် ဖြစ်သည်။

စီးပွားရေးတိုးတက်မှုမြင့်မားသော နိုင်ငံများကိုလေ့လာကြည့်လျှင် စီးပွားရေးဖွံ့ဖြိုးရသော အကြောင်းအရင်းမှာ ပို့ကုန်တိုးတက်မှုနှင့် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်နိုင်မှုကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာပို့ကုန်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့တင်ပို့နိုင်ခဲ့သည့်အပြင် ပို့ကုန်အမယ်သစ်များဖြစ်သော သဘာဝဓာတ်ငွေ့၊ အသင့်ချုပ်ပြီးအထည်၊ ရေထွက်ပစ္စည်း၊ ကျောက်မျက်ရတနာများကိုလည်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများ၊ နယ်စပ်ကုန်သည်များ၊ ကုန်စည်ဒိုင်နှင့် အထူးပြုကုမ္ပဏီများ၊ ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းလုပ်ဆောင်နေသော ကုမ္ပဏီများသည် နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ်တိုးတက်ရန်အတွက် ဈေးကွက်သစ်များရရှိရေး၊ ရရှိပြီးဈေးကွက်ခိုင်မာရေးနှင့် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးတို့ကို ကြိုးပမ်းကြရမည်ဖြစ်သည်။

ထိုသို့ ဈေးကွက်ချဲ့ထွင်နိုင်မှသာ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများလည်း တိုးတက်လာမည့်အပြင် ကုန်ဈေးနှုန်းများပါ ပိုမိုတည်ငြိမ်လာမည်ဖြစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့အား UNDP ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့အား United Nations Development Programme (UNDP) ၏ Lead Consultant, Dr. Satish Chandra Mishra ၊ Consultant , Mr. Keith Hargreaves နှင့် UNDP ရန်ကုန်ရုံး၏ Senior Policy Advisor, Mr. Shafique Rahaman တို့သည် မေ ၂၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအပေါ် ပါဝင်ဆောင်ရွက်ပေးနိုင်မှုကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မာန်အောင်မြို့နယ်အသင်း (ရန်ကုန်) ထူးချွန်အားကစားသမားအား ဂုဏ်ပြု

ရန်ကုန် မေ ၃၁

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ဂေါက်သီးရိုက် ထူးချွန်အားကစားသမားအားဂုဏ်ပြုပွဲကို မေ ၂၇ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၄၁) သုံးလွှာမြို့သစ် (၁)လမ်း ကျောက်မြောင်းအသင်းရုံး၌ ကျင်းပရာ ရှေးဦးစွာ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Rose Garden Country Club ၌ ကျင်းပခဲ့သော ၂၀၁၁ Mercedes Trophy Masters Final ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းမှ တတိယဆုရရှိခဲ့သော ကိုကောင်းထူးအောင်အား အသင်းဥက္ကဋ္ဌ ဦးအုန်းမြင့်က ဆုတံဆိပ်ချီးမြှင့်ပြီး **(အောက်ဝဲပုံ)** အသင်းနာယက ဦးအောင်သိန်းက ငွေကျပ်ငါးသိန်း ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ အဖွဲ့အမှတ်တံဆိပ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ (Myanmar Tourism Board) ၏ အဖွဲ့အမှတ်တံဆိပ် (Logo) ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ အဖွဲ့၏လုပ်ငန်းရည်ရွယ်ချက် နှင့်ပုံရိပ်ကို သိသာထင်ရှား ပေါ်လွင်စေသော၊ ပုံသဏ္ဌာန်နှင့် အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်သော Logo ကို ရေးဆွဲရမည်ဖြစ်ပြီး ဆုရွေးချယ်ရေးကော်မတီက ရွေးချယ်သော အကောင်းဆုံးတစ်ပုံကိုသာ ဆုကြေးငွေကျပ် ငါးသိန်းချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ ဝင်ရောက်ယှဉ်ပြိုင်သူများသည် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် အပြည့်အစုံနှင့်တကွ (၅×၅) လက်မအရွယ် အရည်အသွေးမြင့် Logo ပုံကို ဇွန် ၂၅ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ Myanmar Tourism Board အမှတ် ၁၀၁ ရွှေသံလွင်ကွန်ဒို တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၅၄၉၈၀၊ ၅၅၄၉၈၁ တို့သို့ ပေးပို့နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ တရားတော်
၇:၁၀ ၄။ လျှပ်တစ်ပြက်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ လျှပ်တစ်ပြက်
၄:၄၀ ၇။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၉။ ရှေးဟောင်းသုတ
၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၆၉)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၄။ Mail Box
၆:၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၂၆)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၁၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာပျော်စရာဟာသကဏ္ဍ **ကြင်ရာတော်ရွေးပွဲ** (ဇာတ်သိမ်းပိုင်း) ထင်ကျော်လင်း၊ ပေါ်လေး၊ ကျော်ထူးနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)
၂၃။ အိုင်စီတီသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်**(အပိုင်း-၅)
၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှသန်းနှင့်အဖွဲ့ မေ ၂၁ ရက်က ဦးဘဝင်းလမ်းနှင့် အောင်ဇေယျလမ်းဆုံ ရေနုတ်မြောင်းမကြီးကို တူးဖော်၍ အုတ်ရေမြောင်းအဖြစ် အသစ်ပြန်လည်ပြုပြင်ကြစဉ်။ (၀၀၁)

1-6 (02).pmd 1 6/1/2011, 2:04 AM

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ သိုင်းအဖွဲ့ချုပ်နှင့် ဝူရှူးအဖွဲ့ချုပ်တို့မှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ချုပ်များအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမသို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ သိုင်းအဖွဲ့ချုပ်နှင့် ဝူရှူးအဖွဲ့ချုပ်တို့မှ လက်ရွေးစင် အားကစားသမား မောင်/မယ်များ၏ လက်ရည်စမ်းပြိုင်ပွဲများ လေ့ကျင့် ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယှဉ်ပြိုင်ကစား

ရှေးဦးစွာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ လက်ရွေးစင်များက အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ကိုယ်အလေးချိန်တန်းအလိုက် လက်ရည်စစ် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများကလည်းကောင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများကလည်းကောင်း သရုပ်ပြပြိုင်ပွဲများဖြင့် ယှဉ်ပြိုင်ပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး စခန်းသွင်းနေထိုင်မှု အခြေအနေနှင့် ကျွေးမွေးစားသောက်မှု အခြေအနေတို့ကိုမေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ကျောဖုံးမှ

တန်ချိန် ၆၀ ရှိသော နေစွမ်းအင်သုံး အပျော်စီးသင်္ဘောသည် တစ်နာရီ ၂၅ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်နိုင်သည်။ နေစွမ်းအင် အပြည့်အဝ ရရှိထားပါက နေရောင်မရရှိဘဲ ငါးညဆက်တိုက် မောင်းနှင်နိုင်သည်။ ထိုသို့ မောင်းနှင်နိုင်ခြင်းမှာ လစ်သီယမ်အိုင်ယွန်း ဘက်ထရီများဖြင့် နေစွမ်းအင်ကို သိုလှောင်ထားခြင်းကြောင့် ဖြစ်သည်။

တူရာနော နေစွမ်းအင်သုံး အပျော်စီးသင်္ဘောသည် ရေကြောင်းမှ ကမ္ဘာတစ်ပတ်မောင်းနှင်မည်ဖြစ်ရာ မိုနာကိုနိုင်ငံမှ ပြုလုပ်ခဲ့သော နေစွမ်းအင်သုံး သင်္ဘောဖြင့် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၂၇ ရက်က အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်သန်းခဲ့သော ခရီးရှည်စံချိန်နှင့် အမြန်ဆုံး စံချိန်နှစ်ရပ်ကို ချိုးမည် ဖြစ်ကြောင်း သိရသည်။

တူရာနော နေစွမ်းအင်သုံး ကမ္ဘာ့အကြီးဆုံး အပျော်စီးသင်္ဘော၏ ဒီဇိုင်းပုံစံကို ငါးမန်းတစ်ကောင်၏ သဏ္ဌာန်နှင့် ဆင်တူအောင် တည်ဆောက်ထားခြင်းဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

◯ ရှေ့ဖုံးမှ

ကျေးလက်နေပြည်သူများ၏ အခြေခံ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖူလုံစေရေးအတွက် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ယူကလစ် အပင် ၂၀ သာမကဘဲ ဆက်လက်စည်းရုံး၍ ယခုထက်ပိုမိုတိုးချဲ့ စိုက်ပျိုးသွားရမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

စိုက်ပျိုးပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၃၀ ရက်တွင် တောင်တွင်းကြီးမြို့နယ် ဝံအော်ကြီးစခန်းရှိ သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသော စီးပွားရေး(ကျွန်း)စိုက်ခင်းများ ရှင်သန်အောင်မြင်မှုနှင့် မြို့နယ်သစ်တောဦးစီးဌာန ကုက္ကိုခွပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကိုလည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မကွေးမြို့နယ်၊ ယင်း(၄)ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးထားသော ကျေးရွာသုံးစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးပြီးစီးမှု၊ သဘာဝတောဧက ၇၀၀၀ ကာကွယ် ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်မှု၊ သစ်တောဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ဖြန့်ဝေစိုက်ပျိုးထားသော မကွေးမြို့နယ် တယ်ပင်ကန်ရွာ တစ်ရွာတစ်ဧက စိုက်ခင်းရှင်သန်အောင်မြင်မှုနှင့် ယင်းဆိပ်သစ်တော ပျိုးဥယျာဉ်နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးမြို့မ ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိမှုတို့ကိုလည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဆိပ်ဖြူမြို့နယ်ပေါက်ပင်ကန် ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း တစ်သိန်းခြောက်သောင်းကျော်ကိုလည်းကောင်း၊ ချောက်မြို့နယ် ရွှေပုံတောင် ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း တစ်သိန်းတစ်သောင်းကျော် ပျိုးထောင်ထားရှိမှုနှင့် ရွှေပုံတောင်ဒေသ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တမာပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် ညောင်ဦးမြို့နယ် ဖူးကင်းတောင်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းစိုက်ပျိုးထားသည့် သစ်တောစိုက်ခင်း ရှင်သန်အောင်မြင်မှု၊ သစ်တောဦးစီးဌာနနှင့်ဂျပန်အပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်း စိုက်ပျိုးထားသည့် ကမ္ဘားနီကျေးရွာအနီးရှိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း၊ ချောက်ဘုရားလှ ပျိုးဥယျာဉ်၌ ပုဂံ-ညောင်ဦးဒေသ စိမ်းလန်းစိုပြည်ရေးနှင့် တစ်အိမ်ထောင်ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀ ဖြန့်ဝေစိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း တစ်သိန်းတစ်သောင်းကျော် ပျိုးထောင်ထားရှိမှု၊ မိတ္ထီလာမြို့နယ် အမှတ်(၁)ခရိုင်ချင်းဆက် လမ်းဘေး လျှော်ဖြူကန်ကျေးရွာအနီး စိုက်ပျိုးထားသော ကျေးရွာသုံး စိုက်ခင်းဧက ၂၀၀ ရှင်သန်အောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စတင်ဆောင်ရွက်

၂၀၁၁ ခုနှစ် မိုးရာသီကာလအတွင်း နိုင်ငံတစ်ဝန်းလုံး သစ်ပင်စိုက်ပျိုးရေးလဖြစ်သည့် ဇူလိုင်လအတွင်း ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သစ်ပင်မျိုးစုံသန်း ၃၀ ကျော် စိုက်ပျိုးနိုင်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ သစ်ပင်ပျိုးထောင်မှုလုပ်ငန်းများ၊ ပျိုးပင်များအား စိုက်ပျိုးမည့် နေရာအရောက် သယ်ယူရေး ကိစ္စရပ်များ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပညာပေးဟောပြော

ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့်စပ်လျဉ်းသည့် ပညာပေးဟောပြောပွဲကို ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်စိုးက ဝက်ရောဂါ ထိန်းချုပ်ရေးဆိုင်ရာများကို ပညာပေးဟောပြောစဉ်။ (မြို့နယ် ထွေ/အုပ်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

ရန်ကုန် မေ ၃၁

ရွှေပြည်သာမြို့နယ်၌ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေလင်း **(အပေါ်ပုံ)**၊ ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးလှရီတို့က အမှာစကားပြောကြားကြသည်။

လှူဒါန်း

အဆိုပါနေ့က လှူဒါန်းသော ငွေ၊ ကျောင်းဝတ်စုံများနှင့်စာအုပ်များ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လပွတ္တာမြို့နယ်၌ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက လပွတ္တာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လုပ်ငန်းရှင်များနှင့်အလှူရှင်များက ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ လှူဒါန်းကြပြီး (အပေါ်ပုံ) ခရိုင်ပညာရေးမှူး ဦးခင်မောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ပညာရေး)

ကြို့ပင်ကောက်မြို့နယ်၌ ကျင်းပ

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးမင်းထွန်းတင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်တို့က အမှာစကားပြောကြား ကြသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက ငွေကျပ် ၅၀၁၉၀၀၀ လှူဒါန်းပြီး ဦးပြားကြီး (ရွှေပျားရည်ကုမ္ပဏီ)က အလှူငွေကျပ် ၁၇ သိန်းကို လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၁၁)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

နေပြည်တော် မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်များက ကျောင်းနေရန် အခက်အခဲရှိသော ကလေးများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေနဂါးမင်းကုမ္ပဏီက မုံရွာမြို့ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်အတွက် ကွန်ပျူတာ အလုံး ၄၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးထံ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ကျောင်းနေရန် အခက်အခဲရှိသော ကလေးများအတွက် ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများကို စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်နှင့် ခန္တီးခရိုင်တို့မှ ခရိုင်ပညာရေးမှူးများထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ အထက(၃)၊ အထက(၂)၊ အလက(၄)နှင့် အထက (၁) ကျောင်းများသို့ သွားရောက်ပြီး ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေး ခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဝက်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း တွံတေးမြို့နယ်၌ ပညာပေးဟောပြော

တွံတေး မေ ၃၁

ဝက်များတွင် ဖြစ်ပွားတတ်သောရောဂါများနှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲကို တွံတေးမြို့ ကွမ်းခြံရပ်ကွက်မွှောရုံ၌ မေ ၂၄ ရက် မွန်းလွဲ ၂နာရီကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်၊ သစ်တောနှင့်သားငါး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာစိုးဝင်းနှင့် တွံတေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်တို့က အမှာစကားပြောကြားသည်။

ဖြေကြား

ယင်းနောက် တွံတေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါက်တာအေးသဉ္ဇာခိုင်က ဝက်ရောဂါများနှင့်ပတ်သက်၍ ရောဂါထိန်းချုပ်ရေး ဆိုင်ရာများကို ပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းဖြေကြားခဲ့သည်။

ကွင်းဆင်းစစ်ဆေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်၊ သစ်တောနှင့် သားငါး ဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်နှင့်တာဝန်ရှိသူများသည် တွံတေးမြို့ ကွမ်းခြံရပ်ကွက်တွင် မွေးမြူထားသော ဝက်မွေးမြူရေးခြံများသို့ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို မေ ၂၀ ရက်က ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း ထောက်ပံ့ကြေးငွေပေးအပ်စဉ်။ (၀၂၀)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ မြင်းခြံမြို့နယ်၌ ဖွင့်ပွဲကျင်းပ

မြင်းခြံ မေ ၃၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့၏ ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၇ နာရီက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးတို့က ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အသင်းရုံးရှေ့၌ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် မြင်းခြံမြို့နယ်အတွင်းရှိ ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

TV Guide စာစောင် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၃၁

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၂၆)ကို မေ ၂၀ ရက် (တနင်္လာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းTV Guide စာစောင်တွင် Star World ရုပ်သံလိုင်း၌ ကြည့်ရမည့် Got To Dance အကပြိုင်ပွဲ၊ Channel V ရုပ်သံလိုင်းတွင် ကြည့်ရမည့် iTunes Festival London 2010 ဂီတပွဲတော်၊ Briteny Spears ၏ ဂီတလမ်းကြောင်းပေါ်မှ ပုံရိပ်များ၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကမ္ဘာပေါ်ရှိ အလျင်မြန်ဆုံးနှင့် ကြောက်စရာအကောင်းဆုံး သားသတ်မိကျောင်းကြီးများအကြောင်း ပြသမည့် How Big Can It Get အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင်ပြသမည့် Aegon Classic, Moto GP, Formula One 2011 စသည့် အားကစားပြိုင်ပွဲများ အကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ဇွန် ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များ အပြင် မြဝတီရုပ်သံလိုင်း၏ ဇွန် ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀ နှင့် ၃၉၁၁၈၆ တို့သို့ မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ ဦးကျော်ဦး (ထိုက်သူစံ)၏ (၇၇)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၅၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (၀၀၈)

ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌအား ပြည်ပဧည့်သည်များ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးသူရအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသောင်းဝင်းတို့အား အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာနမှ ဆန်စပါးစီးပွားရေးပညာရှင် Mrs.Debbie Rubas နှင့်စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် ဒေါက်တာဦးထွန်းဝင်းတို့သည် မေ ၂၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းသို့ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံဆွေးနွေး

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr.Yaron Mayer ဦးဆောင်၍ အစ္စရေးနိုင်ငံ Ramat Negev Desert Agroresearch Center မှ Director , Mr.Zion Shemer နှင့် Rescarch & Development Manager, Mr. Yaacov Moskovitch တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည်လည်း ညနေ ၃ နာရီတွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းသို့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရေးကြီးယာဉ်၊ မီးသတ်ယာဉ်၊ သူနာပြုယာဉ်များ
အချက်ပေးသံဖြင့်လာလျှင် ဦးစားပေးပါ။

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ စမ်းချောင်းမြို့နယ်တွင် ကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်

ထို့နောက် စီမံကိန်းရည်မှန်းချက်တာဝန်များကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က သက်ဆိုင်ရာဌာန တာဝန်ခံများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၀၇)

မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရေး အက၊ ဂီတနှင့် တိုက်ကွမ်ဒို သရုပ်ပြ ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ယဉ်ကျေးမှုနှင့် အားကစားပူးပေါင်းဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှစီစဉ်သော ကိုရီးယားတိုက်ကွမ်ဒို Association KTA ၏ TAL World Tour 2011 ဖျော်ဖြေပွဲကို မေ ၂၉ ရက် ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ တင်ဆက် ဖျော်ဖြေရာ စာရေးသူကြည့်ရှု လေ့လာခွင့်ရခဲ့သည်။

"နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနဲ့ အားကစားကဏ္ဍတွေမှာ အပြန်အလှန် တင်ဆက်နိုင်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။"

ဦးဌေးမြင့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်။

တင်ဆက်

ဖျော်ဖြေမှု အစီအစဉ်အစတွင် ကိုရီးယားရိုးရာ ယဉ်ကျေးမှုအကများနှင့် ရိုးရာကိုယ်ခံပညာဖြစ်သော တိုက်ကွမ်ဒိုအားကစားကို ပေါင်းစပ်၍ စိတ်လှုပ်ရှားဖွယ်ရာ မြူးမြူးကြွကြွ တင်ဆက်သွားသည်ကို တွေ့ရသည်။တေးဂီတပိုင်း အနေဖြင့်လည်း ကိုရီးယားရိုးရာ စည်တို(ဗုံ) များဖြင့် တီးခတ်ခြင်းက ပရိသတ်များကို ရင်ခုန်လှုပ်ရှားစေခဲ့သည်။ ပါဝင် ကပြသူများက

ကိုရီးယား ရိုးရာကိုယ်ခံပညာဖြစ်သော တိုက်ကွမ်ဒိုအားကစား သရုပ်ပြ တင်ဆက်ဖျော်ဖြေမှုကို ဤသို့ တွေ့ရသည်။

မျက်နှာဖုံးစွပ်များကို ဝတ်ဆင်ကြ၍ အကနှင့် ကိုယ်ခံပညာကို ပေါင်းစပ်ကာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ဂုဏ်ယူစွာ တင်ဆက်ခဲ့ကြသည်။

အကျိုးကျေးဇူး

ယခုကဲ့သို့ တိုက်ကွမ်ဒိုအားကစားကိုအခြေခံသော ကိုရီးယားယဉ်ကျေးမှုနှင့် ရိုးရာအားကစားအဖွဲ့တစ်ဖွဲ့ ချစ်ကြည်ရေးခရီးစဉ်လာရောက်ခြင်းမှာ မြန်မာ တိုက်ကွမ်ဒို အားကစားလောကအတွက်ရော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက်ပါ များစွာ အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်သည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

သရုပ်ပြပွဲအပြီးတွင် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့ ကိုရီးယားအဖွဲ့ကို ဖိတ်ကြားပြသရတဲ့ ရည်ရွယ်ချက်ကတော့ တိုက်ကွမ်ဒိုအားကစားနည်းကို မြန်မာတွေနဲ့ ပိုမိုရင်းနှီးအောင်လို့ရယ်၊ ပြီးတော့ မြန်မာ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူတွေ ဒီကိုယ်ခံပညာ အားကစားနည်းကို ပိုမိုစိတ်ဝင်စားလာအောင်လို့ရယ်ပဲ ဖြစ်ပါတယ်။"

မျှော်မှန်းထား

"မြန်မာနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့ ချစ်ကြည်ရင်းနှီးမှုခိုင်မာအခွန့်ရှည်တာနဲ့အညီ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုကဏ္ဍ၊ အားကစားကဏ္ဍတွေမှာ အပြန်အလှန်တင်ဆက်နိုင်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု ရှင်းပြသည်။

"ကိုရီးယားယဉ်ကျေးမှုရဲ့ သမိုင်းကြောင်းကို မြန်မာနိုင်ငံနဲ့ နှီးနှောဖလှယ်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။"

Mr.HONG JOON PYO
ကိုရီးယားတိုက်ကွမ်ဒိုဥက္ကဋ္ဌ။

ဖြေကြား

ဆက်လက်ပြီး ကိုရီးယားတိုက်ကွမ်ဒိုဥက္ကဋ္ဌ Mr. HONG JOON PYOနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "၂၀၁၁ ရိုးရာကိုယ်ခံပညာ တိုက်ကွမ်ဒို အားကစားသရုပ်ပြပွဲကို လာရောက် ကြည့်ရှုအားပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ကိုရီးယား ယဉ်ကျေးမှု အက၊ ဂီတနှင့်တိုက်ကွမ်ဒို သရုပ်ပြပွဲ ဖျော်ဖြေတင်ဆက်ခွင့်ရတဲ့အတွက်လည်း များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ကျွန်တော်တို့လူမျိုးရဲ့ ရိုးရာကိုယ်ခံပညာ ဖြစ်တဲ့ တိုက်ကွမ်ဒို အားကစားကနေတစ်ဆင့် ကိုရီးယားနိုင်ငံယဉ်ကျေးမှုရဲ့ သမိုင်းကြောင်းကို မြန်မာနိုင်ငံနဲ့ နှီးနှောဖလှယ်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်" ဟု ဖြေကြားသွားသည်။

လေ့လာကြည့်ရှု

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၏ ဖိတ်ကြားစီစဉ်မှုဖြင့် TAL World Tour 2011 ကို ယခုကဲ့သို့ ခမ်းနားစွာ စီစဉ်တင်ဆက်ခဲ့ခြင်းဖြစ်ရာ တိုက်ကွမ်ဒိုအားကစားနည်းကိုသာမက ကိုရီးယားရိုးရာယဉ်ကျေးမှု အကအလှများကိုပါ ပရိသတ်များ အားရကြည်နူးဖွယ်၊ ဗဟုသုတဖြစ်ဖွယ် လေ့လာကြည့်ရှုခွင့်ရရှိခဲ့ကြရပါကြောင်း။ ။

(မြန်မာ့အလင်း)

ကိုရီးယားရိုးရာ ယဉ်ကျေးမှုအကကို ဤသို့လှပစွာ ဖျော်ဖြေခဲ့ကြသည်။

၂၀၁၁ ခုနှစ် ဇွန်လအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်နှင့် မေလအတွင်း မြန်မာနိုင်ငံအရပ်ရပ်၌ ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများ

နေပြည်တော် မေ ၃၁

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ မေ ၂၁ ရက်တွင် စတင်ဝင်ရောက်ခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ မေ ၂၆ ရက်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မေ ၂၉ ရက်တို့တွင် ဝင်ရောက်ခဲ့သည်။

မိုးထစ်ချုန်း

မေလအတွင်း မိုးရွာရက်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၂၄ ရက်မှ ၂၉ ရက်ခန့် မိုးထစ်ချုန်း ရွာသွန်းခဲ့သည်။

ရွာသွန်းခဲ့

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေလကုန်အထိ ရွာသွန်းခဲ့ပြီး မိုးရွာသွန်းမှု အခြေအနေများမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း (ကသာမြို့)၊ မန္တလေးတိုင်းဒေသကြီး (မန္တလေးမြို့နှင့် ပျဉ်းမနားမြို့)၊ ရန်ကုန်တိုင်းဒေသကြီး (ကမ္ဘာအေး)၊ တနင်္သာရီတိုင်းဒေသကြီး (ကော့သောင်းမြို့)၊ ကချင်ပြည်နယ်(ဗန်းမော်မြို့) နှင့် ကယားပြည်နယ် (လွိုင်ကော်မြို့)တို့တွင် ရွာသွန်းမြဲထက်ကျော်ပြီး မိုးရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း (ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့)၊ မကွေးတိုင်းဒေသကြီး(ချောက်မြို့)၊ ကချင်ပြည်နယ် (ပူတာအိုမြို့)၊ ရခိုင်ပြည်နယ်(စစ်တွေမြို့)နှင့် မွန်ပြည်နယ်(သထုံမြို့)တို့၌ ရွာသွန်းခဲ့သော မိုးရေချိန်များသည် ရွာသွန်းမြဲကို မပြည့်မီဘဲ ရွာသွန်းမြဲအောက် လျော့နည်းနေခဲ့ပြီး ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲကို ပြည့်မီအောင် ရွာသွန်းခဲ့သည်။

အားကောင်းနိုင်

ဇွန်လအတွင်းတွင် အနောက်တောင်မုတ်သုံလေသည် ဇွန်လပထမ (၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာသွန်းနိုင်သည်။

မိုးရွာရက်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၁၉ ရက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၄ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ ခန့်မှန်းချက်မှာ ဇွန်လအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်ရိုးတစ်လျှောက်ရှိ မြို့များ၌ မြစ်ရေများသည် လက်ရှိရေအမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အသီးသီးကို ရောက်ရှိနိုင်ဖွယ်ရာမရှိကြောင်း သိရသည်။

မိုးဦးကာလ မိုးရွာသွန်းမှုမှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၌ ရွာသွန်းမြဲထက်ပိုပြီး မိုးရွာသွန်းနိုင်သည်။

မြင့်တက်လာနိုင်

မြန်မာနိုင်ငံမြစ်ကြီးများ၏ မြစ်ရေအခြေအနေမှာ လက်ရှိအားဖြင့် ရေအမြင့်များ အနည်းငယ် မြင့်တက်လာနိုင်သော်လည်း စိုးရိမ်ဖွယ်ရာ မတွေ့ရှိရသေးကြောင်း သိရသည်။

မုတ်သုံလေဝင်ရောက်မှုနှင့် မုန်တိုင်းဖြစ်ပေါ်မှု အခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်နှင့် သတင်းများကို မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးခြားသော မိုးလေဝသအခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်များ၊ သတင်းများကို သိရှိလိုပါက မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ Website ဖြစ်သော www. moezala. gov.mm သို့လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အလိုအလျောက် ဖြေကြားစက် ၄၁၁၂၅၂ နှင့် ၆၆၇၇၆၆ တို့သို့လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာများနှင့် FM ရေဒီယိုများမှလည်းကောင်း ကြည့်ရှုနားဆင်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၇)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၁၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာခန်းမ UMFCCI Office Tower အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ရာ အစည်းအဝေးတက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ၊ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၁၄၈၃၀၊ ၂၁၄၈၃၂ တို့ထံသို့ ဆက်သွယ်သတင်းပေးပို့၍ အစည်းအဝေးတက်ရောက်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မေ ၃၁

ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီက ညောင်ရွှေမြို့ ဖောင်တော်ပြန်ဆိပ် ဇေ့ရိပ်သာခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်/ခရိုင်၊ မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။

ပေးအပ်

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၈ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ ဘေးမဲ့ကြိုးဝိုင်း ဆုတောင်းပြည့်နဝင်းစေတီ တောင်ကုန်း၌ကျင်းပသည့် တောင်ကြီး တောင်တန်းစိမ်းလန်းစိုပြည်ရေး ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးမည့်ပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာများသို့ ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မဟော်ဂနီ၊ ထင်းရှူး၊ ချယ်ရီပင်များကို စုပေါင်းစိုက်ပျိုးကြပြီး သစ်ပင်စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရာတွင် မဟော်ဂနီ၊ ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းပြာ၊ သစ်လှ၊ ရေမျှော၊ ခရေ စုစုပေါင်းပျိုးပင် ၃၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မော်တော်ယာဉ်အသင်း၌ မေ ၂၁ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေက ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများ၊ လမ်းညွှန်အမှတ်အသားများနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်/ကညန)**



နှစ်ဖက်အဘိုးအဘွားများအား ရည်စူး၍ ဒေါက်တာမြသောင်း၊ ပြည်နယ်ဆေးရုံအုပ်ကြီး (ငြိမ်း) ဒေါ်ညိုညိုဝင်း သားသမီး၊ မြေးတစ်စုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အမှုဆောင် အတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (၁၀၅)

လပွတ္တာခရိုင်အတွင်းရှိ အင်း/တင်ဒါချက်များ လေလံတင်ရောင်းချ

လပွတ္တာ မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းရှိ အင်း/တင်ဒါချက်များ ပထမအကြိမ် လေလံတင်ရောင်းချပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၁၁ နာရီက လပွတ္တာခရိုင်ရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံ/စီးပွား ဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်မင်းက အင်း/တင်ဒါချက်များ၏ လေလံ စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ရောင်းချ

ထို့နောက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးတင်ဝင်းခေါင်းဆောင်သော အင်း/တင်ဒါလေလံရောင်းချရေးအဖွဲ့က ၂၀၁၁-၂၀၁၂ အင်း/တင်ဒါချက်များအား လေလံတင် ရောင်းချခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်းတယမြို့နယ်၌ ရွှေရင်အေးစပါးစိုက်ပျိုး

ပင်းတယ မေ ၃၁

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု ပြင်သာကျေးရွာ တောင်သူဦးစံကြည်၏လယ်မြေတွင် ရွှေရင်အေး မျိုးစပါး စိုက်ပျိုးလျက်ရှိရာ စပါးထွက်ရှိမှုကို မေ ၁ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးချိုနိုင်ထွန်းနှင့် မြို့နယ်မြေစာရင်းရုံးမှ လက်ထောက်ဦးစီးမှူး ဦးမျိုးဝင်းတို့သည် အင်းငယ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာလမ်း စမ်းချောင်းမြို့နယ်နေ ဦးသန်းအောင် မိသားစုက ဦးသန်းအောင် (တရားရုံးချုပ်ရှေ့နေ နိုင်ငံခြားပဗ္ဗလစ်) မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **မဇ္ဈိမပဋိပဒါလမ်းစဉ်** တရားတော်(ညောင်ကန်အေး ဆရာတော်ဒေါက်တာရှင်ဣန္ဒက)
- ၆:၄၀ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၁)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၉)
- ၈:၅၀ တန်ခိုးထွတ်ခေါင်ရွှေနတ်တောင်
- ၉:၁၀ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (How to Cook Basic Japanese Menu)
- ၉:၃၀ အားကစားမြင်ကွင်းစုံ
- ၁၀:၀၅ ဥယျာဉ်မှူးတို့ရဲ့ ပီတိအပြုံးများ
- ၁၀:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၀:၂၅ Industrial Talk ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)
- ၁၁:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Asia Beverages Co.,Ltd ရဲ့ Hight Class Launching Event)
- ၁၁:၀၅ ခတ်ပုံထဲမှ အမှတ်တရများ (နေဆန်း)
- ၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Sedona Party)
- ၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ပဲကြာဇံ ပင်လယ်စာသုပ်နှင့် ငါးပုပ်ခြောက်အချဉ်ချက်)
- ၁၂:၂၅ မြန်မာ့ရတနာရွှေစိမ်းပြာ အကြောင်းဆွေးနွေးခြင်း
- ၁:၀၀ **မဇ္ဈိမပဋိပဒါလမ်းစဉ်** တရားတော် (ညောင်ကန်အေး ဆရာတော်ဒေါက်တာအရှင်ဣန္ဒက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **အတင်းပြောတာကောင်းတယ် အတင်းမပြောတာကောင်းတယ်**
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၁)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၇၉)
- ၄:၅၀ ဂျူပွင်ကျေးရွာမှထူးမြတ်တဲ့ ရွှေထီးတော်တင်လှူပူဇော်ပွဲ
- ၅:၀၅ ဒါနခြိမ့်သဲသံတွဲမြို့ရဲ့ ပုလဲကျောင်းအလှူပွဲ
- ၅:၁၅ ဖူးလှည့်ဖို့ ဖိတ်ခေါ်ပါသည်··· မန်းမန္တလာက··အိမ်တော်ရာစေတီ
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Parkway Health နား၊ နှာခေါင်း၊ လည်ချောင်းကင်ဆာများကို ခွဲစိတ်ကုသခြင်းနှင့်ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းအကြောင်းဆေးပညာ ဟောပြောပွဲ)
- ၆:၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၂)
- ၇:၂၀ Cartoon Show Time Berry Bitty Adventures)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (Webster University Thailand)
- ၉:၀၀ Celebrity Style (ချောရတနာနှင့်သန္တာဗို)
- ၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၀)
- ၁၀:၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကုက္ကိုင်းရိပ်သာလမ်းက မုန့်အိမ်ကလေး)
- ၁၀:၄၀ အိမ်ရှင်မတို့အသည်းစွဲ စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ ကြော်ငြာရိုက်ကွင်း အမှတ်တရ
- ၁၁:၀၀ ဘဝများ (ဝဏ္ဏခွာနီး)
- ၁၁:၃၅ မြန်မာအကွာရာအသုံးပြုနိုင်သော CDMA Mobile Phone
- ၁၁:၅၀ World of Knowledge (Flight of Elephant)
- ၁၂:၄၀ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
- ၁၂:၄၅ **လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်)** (အပိုင်း -၂)
- ၁:၁၅ ပြင်ဦးလွင်ရဲ့ ရွှေခြင်္သေ့
- ၁:၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းရောင်နှင့်ရွှေရောင်ပုလဲ)
- ၁:၄၅ လက်ဖက်စိုက်တဲ့ရွာကလေး
- ၂:၀၀ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
- ၂:၁၅ **ရှင်နောင်းကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး (ဒါရိုက်တာ-ဦးခင်ဇော်)
- ၂:၃၀ Shooting Location (မျက်ခြယ်ခြိ)
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
- ၄:၁၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
- ၄:၂၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
- ၄:၄၅ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကန်ပက်လက်၌ မြေသားလမ်းဖွင့်

ကန်ပက်လက် မေ ၃၁

ကန်ပက်လက်မြို့နှင့် ဆော်လောင်းကျေးရွာအကြား မော်တော်ဆိုင်ကယ် သွားလာနိုင်သည့် ခြောက်ပေအကျယ်ရှိ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖွင့်ပွဲကို မေ ၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ရွှေတို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ချောခင်း

ပုဏ္ဏားကျွန်းမြို့နယ် ဘုရားတကာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးဌေးနှင့် အဖွဲ့ ဆောင်ရွက်နေမှုကို မေ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဦးတင်မောင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ နမ့်ခမ်းမြို့နယ်၌ ကျင်းပ

နမ့်ခမ်း မေ ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အထိမ်းအမှတ်အခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖတ်ကြား

အဆိုပါအခမ်းအနားတွင် နမ့်ခမ်းမြို့နယ် သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ဒေါ်မာမာအေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌက ပေးပို့သော သဝဏ်လွှာကို ဘဏ္ဍာရေးမှူး ဒေါ်နန်းခင်စန်းဦးက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၃၁

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းက ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran အား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့်ဟိုတယ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ



နေပြည်တော် မေ ၃၁

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော

ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိကာ မွန်းလွဲ ၂ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည် ကြည့်ရှုလေ့လာ၍ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ကြည်ရှုလေ့လာ

ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ညနေပိုင်းတွင် ဉပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများအား လှည့်လည်ကြည့်ရှုလေ့လာ၍ ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ စေတီတော်အတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၃၁-၅-၂၀၁၁

ခန္တီးမြို့	၅ ဒသမ	၀၄ လက်မ	တောင်ကုတ်မြို့	၂ ဒသမ	၂၄ လက်မ
မြောက်ဦးမြို့	၄ ဒသမ	၀၉ လက်မ	ပလက်ဝမြို့	၂ ဒသမ	၂၈ လက်မ
ကျောက်တော်မြို့	၃ ဒသမ	၃၁ လက်မ	ဖျာပုံမြို့	၂ ဒသမ	၂၈ လက်မ

ခေတ်လူငယ်များပီသစွာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေး ယုံကြည်ချက်၊ ခံယူချက်ကောင်းကောင်းဖြင့် ကြိုးစားအားထုတ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃၁

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်လုပ်ဆောင်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မေ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စုဝေးဆောင်ခန်းမ၌ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ဘွဲ့လွန်၊ ဘွဲ့ကြိုတတိယနှစ်၊ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံစဉ်အမှာစကား ပြောကြားသည်။

ကြိုးစားအားထုတ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် မျိုးဆက်အလိုက် နိုင်ငံ့တာဝန်ကို ရေရှည် ထမ်းရွက်နေကြမည် ဖြစ်သည့်အတွက် တာဝန်ကို ခံယူချက် ကောင်းကောင်းဖြင့် ကြိုးစားလုပ်ဆောင် သွားကြရန်နှင့် ခေတ်လူငယ်များ ပီသစွာ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် မိမိတို့နိုင်ငံ ခေတ်နောက်ကျ မကျန်စေရေး ယုံကြည်ချက်၊ ခံယူချက် ကောင်းကောင်းဖြင့် ကြိုးစားအားထုတ်ကြရန်လည်း ဆွေးနွေးမှာကြားသည်။

တိုက်တွန်းမှာကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်ဇော်က မိမိတို့လေ့လာသင်ယူ တတ်မြောက်ထားသော ပညာရပ်များကို စာသင်ခန်းထဲတွင် ချန်မထားဘဲ လယ်သမားများနှင့် တစ်သားတည်း လယ်ယာလုပ်ငန်းခွင်၌ လက်တွေ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြိုးပမ်း လုပ်ဆောင်သွားကြရန် တိုက်တွန်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော အထူးအထွက်တိုး စပါးမိဘမျိုးစိုက်ခင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တောင်သူ ပညာပေးစိုက်ခင်းအဖြစ် စိုက်ပျိုးထားသော အထူးအထွက်တိုး စပါးစိုက်ခင်းနှင့် အထွက်ကောင်းမျိုး ငါးဧက ကြံစိုက်ခင်းတို့သို့ ရောက်ရှိ ပြီး သက်တမ်း ငါးလသားအရွယ်ရှိ တစ်ဧက ပျမ်းမျှတန် ၅၀ အထက် ထွက်ရှိမည့် ကြံစိုက်ခင်းကို ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အာရှသဘာဝဘေးအန္တရာယ် လျော့ပါးရေးဌာနမှ ညွှန်မှူးတွေ့ဆုံ

နေပြည်တော် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အာရှသဘာဝဘေးအန္တရာယ် လျော့ပါးရေးဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Bhichit Rattakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍(ဓါတ်ပုံ) အာရှသဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လှိုင်သာယာ-အလုံ ဓါတ်အားလိုင်း(လှိုင်မြစ်ကျော်) ကြိုးဆွဲခြင်းလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၃၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ - အလုံ မဟာဓါတ်အားလိုင်း (လှိုင်မြစ်ကျော်) ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** အလုံဘက်ကမ်းရှိ (၂၃၀)ကေဗွီ၊ လှိုင်သာယာ-အလုံ မဟာဓါတ်အားလိုင်း (လှိုင်မြစ်ကျော်) တာဝါတိုင် River Crossing Tension No. 2 သို့ ရောက်ရှိပြီး Tensioner ကြိုးထိန်းလွှတ်စက်များအသုံးပြု၍ ဓါတ်အားလိုင်း ကြိုးထိန်းလွှတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အလုံပင်မဓါတ်အားခွဲရုံ SwitchYard တည်ဆောက်ရန်အတွက် ပစ္စည်းများ ရောက်ရှိနေမှုနှင့် Switch Yard Foundation လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ တာဝါတိုင် River Crossing Suspensions No.2 ၌ တာဝါတိုင်များတွင် တပ်ဆင်အသုံးပြုမည့် ဓါတ်အားလိုင်းကြိုးဆွဲလုပ်ငန်းသုံး ပစ္စည်းများကိုလည်းကောင်း၊ အလုံဘက်ကမ်းမှနေ၍ ခနောင်တို ဘက်ကမ်းရှိ တာဝါတိုင် River Crossing Suspensions No.2 ကို လှိုင်မြစ်အတွင်း ရေယာဉ် ၁၀စင်း စီတန်း၍ Hydraulic Puller စက်များ အသုံးပြုကာ ဓါတ်အားလိုင်း ကြိုးဆွဲယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး၊ ပစ္စည်းများ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ကဆုန်လကွယ်နေ့ (ဥပုသ်နေ့) ၁-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၈။	ကဆုန်လပြည့် ဗုဒ္ဓနေ့ ပါဝင်နွဲပျော် ညောင်ရေသွန်းပွဲတော်
၈:၂၅	၉။	အတီးပြိုင်ပွဲ
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀	၃။	အဆိုပြိုင်ပွဲ
၄:၃၀	၄။	တေးဂီတအစီအစဉ်
၄:၄၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅	၇။	ရောင်စုံရေးသီ တေးပန်းချီ
၅:၂၀	၈။	**ကိုယ်တိုင်ရေးတဲ့ သင်ခန်းစာ**
၅:၃၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၄၅	၁၀။	သဘာဝပတ်ဝန်းကျင် ထိန်းလိုလျှင် သုံးစွဲစေလို စွန့်ပစ်အမှိုက်သုံးမီးဖို
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	မြန်မာ့သမိုင်းဝင် ခံတပ်များ
၆:၃၅	၁၄။	မြန်မာ့ဓလေ့ရိုးရာလက်ဇော့
၆:၅၀	၁၅။	ရွှေရင်ခုန်သံ
၇:၁၅	၁၆။	**အရက်နှင့် ကျန်းမာရေး** (အပိုင်း-၂)
၇:၃၅	၁၇။	အလင်္ကာကျော်စွာရွှေပြည်အေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၆၃)
	၂၃။	မြန်မာဗီဒီယိုဇာတ်လမ်း **မင်းရှိနေမှ** မင်းသစ္စာ၊ထက်ထက်မိုးဦး (ဒါရိုက်တာ- နောင်ထွန်းလွင်)
	၂၄။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၅။	အစီအစဉ်ပြီး၏။

မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် မေ ၃၁

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွမြို့၌ သာသနာ့ဗိမာန် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့သို့ရောက်ရှိပြီး သုံးခွမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော သုံးခွမြို့နယ် ကျောင်းအပ်နှံရေးအခမ်းအနားသို့ တက်ရောက်၍ ဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့မရေလည်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တလက်ာရအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းနှင့် စတီးသပိတ်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သုံးခွမြို့ သာသနာ့ဗိမာန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

အဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေကို သိရှိနားလည်လိုက်နာနိုင်အောင် ဥပဒေပါအချက်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ ဌာနဆိုင်ရာများက လိုအပ်သည့် ညွှန်ကြားလွှာများ ထုတ်ပြန်ပေးခြင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ မျက်ခြည်မပြတ်စောင့်ကြပ် ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

လက်မှတ်ရေးထိုး

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ "The WHO Framework Convention on Tobacco Control" "ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်ကင်းဝေးဖို့၊ ဥပဒေစည်းကမ်းအလေးထားလို့၊ ဝိုင်းဝန်းလိုက်နာဆောင်ရွက်စို့" ဟူ၍ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှု ကပ်ရောဂါဆိုးကြီးကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Krongthong Thimasam ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ထိန်းချုပ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင်ကျင်းပခဲ့သည့် (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံ၌ အတည်ပြုခဲ့ကြကြောင်း၊ အဆိုပါ ကွန်ဗင်းရှင်း ရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးများကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ကြောင်း။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါအချက်များကို အခြေခံသည့် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် (၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက်လည်း နိုင်ငံတော်အစိုးရက ယခု ၂၀၁၁ ခုနှစ်အတွင်းတွင် နီးနွယ်ဌာနများပါဝင်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Krongthong Thimasam က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကျင်းပ

နေပြည်တော် မေ ၃၁

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးသန်းအောင်နှင့် ဦးမျိုးညွန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စနစ်တကျထိန်းသိမ်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အခြေခံပညာကျောင်းများအား ကျောင်းဖွင့်ရက်အမီ အသစ်တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ပညာသင်ကြားရေးသာမက ကျောင်းတွင်းနှင့် ကျောင်းပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းရေး တိုးတက်ကောင်းမွန်လာရေးအတွက် အလေ့အထကောင်းများ လေ့ကျင့်ပေးကြရန်၊ ကျောင်းသား ကျောင်းသူများ ရေလောင်းအိမ်သာ သန့်စင်ခန်းများကို စနစ်တကျ အသုံးပြုတတ်ရန်အတွက် သင်ကြားပေးရန်၊ ကျောင်းနှင့်ပတ်ဝန်းကျင် သာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရာသီအတွင်း အရိပ်ရစားပင်များ၊ ရတနာတန်းဝင် သစ်ပင်ကြီးများ၊ နှစ်ရှည်/ရာသီ ပန်းအလှပင်များကို စိုက်ပျိုးကြရန်၊ စေတနာရှင်များက ယနေ့ လာရောက်လှူဒါန်းခဲ့ကြသည့် ရေလောင်းအိမ်သာသန့်စင်ခန်းများ၊ အမှိုက်ပုံးများ ရေရှည်အသုံးပြုနိုင်အောင် ဆရာမိဘနှင့် ကျောင်းသားကျောင်းသူများက စနစ်တကျ ထိန်းသိမ်းသုံးစွဲသွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်တို့က အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးသိန်းဆွေက ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ အမှိုက်ပုံး ၁၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြမြတို့က ငွေကျပ် ၁၈၂ သိန်းတန်ဖိုးရှိ ရေလောင်းအိမ်သာ သန့်စင်ခန်း လေးခန်း တည်ဆောက်ခြင်းနှင့် အမှိုက်ပုံး ၅၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာတို့က ငွေကျပ် ၁၈၂ သိန်းတန်ဖိုးရှိ ရေလောင်းအိမ်သာ သန့်စင်ခန်း လေးခန်း တည်ဆောက်ခြင်းနှင့် အမှိုက်ပုံး ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း ရှစ်ကျောင်းသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် အလှူရှင်များက စုစုပေါင်းငွေကျပ် ၃၇၁ သိန်းတန်ဖိုးရှိ ရေလောင်းအိမ်သာ သန့်စင်ခန်း ရှစ်ခန်း ဆောက်လုပ်ခြင်းနှင့် သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများဖြစ်သော အဖုံးပါအမှိုက်ပုံး ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၁

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့က ထောက်ပံ့ကြေးများ ပေးအပ်ကြသည်။

ထောက်ပံ့

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ အထက်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းနှင့် အဆင့်မြင့်ပညာအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၇၅ ဦးတို့၏ သားသမီးများအတွက် စုစုပေါင်း ငွေကျပ် ၁၅ ဒသမ ၅၅ သိန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂-၆-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မင်္ဂလသုတ်)
၇း၂၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ဉာဏ်ပညာရှိသူများကို မှီဝဲအပ်၏)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ချမ်းချမ်း)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ပဋ္ဌရုပ)
၁၂း၃၀	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက်
၁၆း၁၀	ညနေခင်းတေးပဒေသာ
၁၆း၃၀	အမှတ်တရတေးလက်ဆောင်
၁၇း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (တက်ကျိုးရင် လက်ထိုးလှော်မယ်၊ လက်ကျိုးရင် ခြေထိုးလှော်မယ်) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၂၅	ကျေးလက်ဇာတ်လမ်း **(မိန်းမဟူသည်)**
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းများ
၁၉း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၀၅	ညချမ်းချိန်ခါ တေးပဒေသာ
၁၉း၃၀	သုတစုံကြွယ်သိစေဖွယ် (အစဉ်အလာကြီးမားတဲ့ အီရန်ယဉ်ကျေးမှု)
၁၉း၄၀	ရေဒီယိုအတိတ်တေးအရိပ်
၂၀း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ရွှေလက်မြဲမြဲတွဲပါလေ)
၂၀း၅၀	သူ့လက်သံ [မြစတင်း(မြန်မာ့အသံ)ရဲ့ ပတ္တလားလက်သံ]
၂၁း၀၀	ဆောင်းပါး (ပေးဝေသူနှင့် ဆက်ခံသူ)
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် ➤ စုစည်းသည်

နိုင်ငံတကာ အာကာသယာဉ်စခန်းမှ အင်ဒဲဗားယာဉ် ပြန်လည်ထွက်ခွာ

ဝါရှင်တန် မေ ၃၁

နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်ခဲ့သော အင်ဒဲဗားအာကာသယာဉ်(**ယာပုံ**)သည် ၁၂ ရက်ကြာ ခရီးစဉ်ပြီးဆုံးပြီးနောက် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မှု ဖြုတ်လိုက်ပြီး ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်နေပြီဖြစ်ကြောင်း နာဆာက မေ ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

ပြန်လည်ဆင်းသက်မည်

အင်ဒဲဗားအာကာသယာဉ်ကို အာကာသယာဉ်မှူး ဂရက်ဂျွန်ဆင်က ထိန်းချုပ်မောင်းနှင်ကာ နိုင်ငံတကာအာကာသယာဉ်စခန်းအား ပေ ၄၅၀ နှင့် ပေ ၆၅၀ အကွာအဝေးမှ တစ်ပတ်လှည့်လည်ပြီးနောက် ကမ္ဘာမြေပြင်သို့ ဦးတည်ပျံသန်းခဲ့ခြင်းဖြစ်သည်။ အင်ဒဲဗားအာကာသယာဉ်သည် အမေရိကန်နိုင်ငံ ကနေဒီအာကာသယာဉ်စခန်းသို့ ဇွန် ၁ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၃၅ မိနစ်၌ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

အင်ဒဲဗား အာကာသယာဉ်နှင့်အတူ လိုက်ပါသွားသော အာကာသယာဉ်မှူးများသည် အာကာသအတွင်း လေးကြိမ်လမ်းလျှောက်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံတကာအာကာသယာဉ်စခန်း၌လိုအပ်သည့် ပစ္စည်းအစိတ်အပိုင်းများ ပြင်ဆင်တပ်ဆင်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ဘတ်စ်ကားတစ်စီးမြစ်ထဲထိုးကျ ၊ ၂၇ဦးသေဆုံး

နယူးဒေလီ မေ ၃၁

အိန္ဒိယနိုင်ငံ အာသံပြည်နယ်အရှေ့မြောက်ပိုင်းတွင် မေ ၃၁ရက်က မြစ်အတွင်းသို့ ဘတ်စ်ကားတစ်စီးထိုးကျခဲ့ရာ ၂၇ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယ ရဲတပ်ဖွဲ့ကပြောကြားသည်။ (အောက်ပုံ)

ထိုးကျ

ယင်းဘတ်စ်ကားသည် မင်္ဂလာပွဲအခမ်းအနားတက်ရောက်မည့် လူ ၄၀အားတင်ဆောင်ကာ အာသံပြည်နယ်မြို့တော် ဂူဝါဟာတီမှ ကမ်ရက်ပ်ခရိုင်သို့အသွား မြစ်ကူးသစ်သားတံတားကို ဖြတ်ကျော်မောင်းနှင်စဉ်ဘတ်စ်ကားမှာ မြစ်ထဲထိုးကျခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံး

အခင်းဖြစ်ပွားရာသို့ အနီးရှိဒေသခံရွာသားများ အမြန်ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သဖြင့် ခြောက်ဦးအား ကယ်ဆယ်နိုင်ခဲ့သည်။ ကျန်လူများပျောက်ဆုံးနေဆဲဖြစ်သည်။

သေဆုံးရ

ထို့နောက် ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာကာ ပျောက်ဆုံးနေသူများအား ရှာဖွေလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် နှစ်စဉ်ယာဉ်မတော်တဆဖြစ်မှုကြောင့် လူထောင်ပေါင်းများစွာ သေဆုံးရလျက်ရှိသည်။ (အင်တာနက်)

အီရန်စစ်ဘက်ဂျက်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ်ပျက်ကျ လေယာဉ်မှူး နှစ်ဦးသေဆုံး

တီဟီရန် မေ ၃၁

အီရန်နိုင်ငံအစ်ဖာရန်မြို့အနီး မေ ၃၀ရက်က စစ်ဘက်ရဟတ်ယာဉ် တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးနှင့်တွဲဖက်လေယာဉ်မှူး နှစ်ဦးစလုံးသေဆုံးသွားကြောင်း အီရန်စစ်ဘက်အရာရှိများက မေ ၃၁ရက်၌ ပြောကြားသည်။

ယင်းကော်ဘရာ ၂၀၉ ရဟတ်ယာဉ်သည် လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ပြီးနောက် ရှာဟစ်ဗာတန်ပူရာ လေ့ကျင့်ရေးအခြေစိုက်စခန်းသို့ ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုမှာ နည်းစနစ်ပိုင်းချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း အစ်ဖာရန်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး မိုဟာမက် မက်ဒီအစ်မေးလ်လီက ပြောကြားသည်။

ဖြစ်ပွား

အီရန်နိုင်ငံတွင် ပြီးခဲ့သည့်ဧပြီလအတွင်းကလည်း ဖားစ်ပြည်နယ် ဆာဗက်စ်တန်မြို့တောင်ပိုင်းတွင် အီရန်စစ်ဘက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးသေဆုံးပြီး တွဲဖက်လေယာဉ်မှူး ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သေးသည်။ ပြီးခဲ့သည့်ဇန်နဝါရီလကလည်း အီရန်နိုင်ငံ အော်ရူမီယက်မြို့ အနောက်မြောက်ပိုင်းအနီး အီရန်ခရီးသည်လေယာဉ် တစ်စင်းပျက်ကျခဲ့ရာ ၇၇ဦးသေဆုံးပြီး ၂၇ဦးဒဏ်ရာရရှိခဲ့မှု ဖြစ်ပွားခဲ့သေးသည်။

(အင်တာနက်)

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

ရွှေမယ်လိုဒီ ဂီတဆုခြောက်ဆုရ ပေါ့ပ်အဆိုတော် အေမိုင်၏ ဘဝဇာတ်ကြောင်း

မြင့်မောင်စိုး – ရေးသားသည်

ပေကျင်း မေ ၃၁

အာရှမှာ အောင်မြင်ကျော်ကြားနေတဲ့ ပေါ့ပ်အဆိုတော်များတွင် တရုတ်အဆိုတော် ကျန်ဝိုင်းမိ (ခေါ်) အေမိုင် (A-mei) တစ်ယောက်လည်း အပါအဝင် ဖြစ်ပါတယ်။

အဆိုတော်အေမိုင်ရဲ့ နာမည်အရင်းကတော့ ကျန်ဝိုင်းမိလို့ခေါ်ပါတယ်။ သူမဟာဒီနာမည်နဲ့ အဆိုတော်လောကကို ထိုးဖောက်ခဲ့ရာမှာ မအောင်မြင်ခဲ့ပါဘူး။ အဆိုတော်လောကထဲသို့ ဝင်ရောက်ပြီး ရှစ်နှစ်အကြာမှာတော့ ကျန်ဝိုင်းမိဟာ သူမနာမည်ကို အေမိုင်လို့ ပြောင်းခဲ့ပါတယ်။

ပေါ့ပ်အဆိုတော် အေမိုင်ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေကတော့ တရုတ် (တိုင်ပေ)ဖြစ်ပါတယ်။ သူမကို ၁၉၇၂ခုနှစ် ဩဂုတ်လ ၉ရက်မှာ မွေးဖွားခဲ့ပါတယ်။ သူမဟာ ပေါ့ပ်သီချင်းများကို ကိုယ်တိုင်ရေး ကိုယ်တိုင် သီဆိုနိုင်တဲ့ အဆိုတော်တစ်ဦးဖြစ်ပါတယ်။

ပေါ့ပ်အဆိုတော် အေမိုင်၏ သီဆိုဖျော်ဖြေဟန်။

ပေါ့ပ်အဆိုတော် အေမိုင်ဟာ ဂီတဆုမြောက်မြားစွာ ဆွတ်ခူးနိုင်ခဲ့တဲ့ အဆိုတော်ဖြစ်သလို အာရှမှာရောကမ္ဘာမှာပါ တရုတ်ဘာသာစကားနဲ့ သီဆိုတဲ့ သီချင်းများ၊ တေးအယ်လ်ဘမ်များတွင် အကျော်ကြားဆုံး အဆိုတော်တစ်ဦး ဖြစ်ပါတယ်။

ဆွတ်ခူးနိုင်

သူမဟာ ပြီးခဲ့တဲ့နှစ် ဇွန်လက တရုတ်နိုင်ငံပေကျင်းမြို့မှာ ကျင်းပခဲ့တဲ့ ရွှေမယ်လိုဒီဂီတဆုချီးမြှင့်ပွဲမှာ ဆုခြောက်ဆုဆွတ်ခူးနိုင်ခဲ့တဲ့ အဆိုတော်ဖြစ်ပါတယ်။ အေမိုင်ဟာ ရွှေမယ်လိုဒီဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသမီး မက်ဒါရင်းအဆိုတော်ဆု၊ အကောင်းဆုံးပေါ့ပ်သီချင်းဆုနှင့် အကောင်းဆုံး အယ်လ်ဘမ်ဆုများအပါအဝင် အကောင်းဆုံးရွှေမယ်လိုဒီဆု ခြောက်ဆု ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ရွှေမယ်လိုဒီဆုဟာ ၁၉၉၀ပြည့်လွန်နှစ်များမှစတင်ကာ တရုတ်နိုင်ငံမှာ နှစ်စဉ်နှစ်တိုင်း ဆုပေးပွဲကျင်းပလေ့ ရှိပါတယ်။ ပေါ့ပ်ဂီတလောကတွင် အောင်မြင်တိုးတက်လာစေဖို့ရည်ရွယ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရပါတယ်။ ပေါ့ပ်အဆိုတော် အေမိုင်ဟာ ၂၀၀၇ခုနှစ်လောက်ကစပြီး အာရှနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ မလေးရှားနိုင်ငံတွေမှာ လှည့်လည်ဖျော်ဖြေခဲ့တဲ့အဆိုတော် ဖြစ်လာပါတယ်။ သူမဟာ အမေရိကနဲ့ ဥရောပနိုင်ငံတွေကိုလည်း လှည့်လည်ဖျော်ဖြေနေပြီဖြစ်ကြောင်း သိရပါတယ်။

တစ်ခဲနက်အားပေး

အဆိုတော် အေမိုင်တစ်ယောက် ယခုအခါမှာတော့ RU Watching လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်သစ်ထွက်လာပါတယ်။ သူမဟာ ဒီတေးအယ်လ်ဘမ်သစ် အရောင်းမြှင့်တင်ရေးအတွက် မေ ၂၇ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှာ တေးအယ်လ်ဘမ်အရောင်းမြှင့်တင်ရေး မိတ်ဆက်ဖျော်ဖြေပွဲ ပြုလုပ်ခဲ့ပါတယ်။ သူမရဲ့ ပရိသတ်တွေက ဒီဖျော်ဖြေပွဲမှာ တစ်ခဲနက်အားပေးခဲ့ကြတယ်လို့ သိရပါတယ်။ မယ်လိုဒီဆု ခြောက်ဆုဆွတ်ခူးထားတဲ့အဆိုတော် အေမိုင်ဟာ ပေါ့ပ်ဂီတလောကမှာ အောင်မြင်နေတဲ့ အဆိုတော်တစ်ဦး ဖြစ်နေဦးမှာပါ။ ။

ကိုးကား- အင်တာနက်

ပေါ့ပ်အဆိုတော် ရှာကီရာ အာရပ်ဘာသာဖြင့် အယ်လ်ဘမ်ထွက်မည်

ရာဘတ်မော်ရိုကို မေ ၃၁

ကိုလံဘီယာပေါ့ပ်အဆိုတော်ရှာကီရာ(**အပေါ်ပုံ**)သည် အာရပ်ဘာသာဖြင့် တေးအယ်လ်ဘမ်ထွက်ရှိရန် ကြိုးစားနေကြောင်း မေ ၂၈ ရက်က မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် မာဝါဇင်း ကမ္ဘာ့ဂီတပွဲတော်တွင် ပြောကြားလိုက်သည်။

ဦးစွာသင်ယူ

စပိန်စကားကို မိခင်ဘာသာစကားအဖြစ် သုံးနှုန်းပြောကြားနေသော ရှာကီရာက မိမိအနေဖြင့် အာရပ်ဘာသာစကားကို ဦးစွာသင်ယူနေကြောင်း၊ မကြာမီ တေးအယ်လ်ဘမ်သစ်ထွက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ကိုလံဘီယာ အဆိုတော် ရှာကီရာက ပြောကြားသည်။

မော်ရိုကိုနိုင်ငံတွင် ၁၀ ကြိမ်မြောက် မာဝါဇင်း ကမ္ဘာ့ဂီတပွဲတော်ကို မေ ၂၈ ရက်က ဖွင့်လှစ်ခဲ့ရာ နိုင်ငံပေါင်း ၆၀မှ တေးဂီတတီးဝိုင်းနှင့် အဆိုတော်များ ပါဝင်သီဆိုဖျော်ဖြေလျက်ရှိကြောင်း သိရသည်။**(အင်တာနက်)**

ပို့ချသည့်သင်ခန်းစာများ စာတွေ့နှင့်လက်တွေ့ပေါင်းစပ် မိမိရောက်ရာအရပ်ဒေသများတွင် တစ်ဆင့်သင်ကြားပေး

ရန်ကုန် မေ ၃၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၃၀ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ တက်ရောက်ဆဲ သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ တက္ကသိုလ်မှပို့ချသည့် သင်ခန်းစာများကို စာတွေ့နှင့်လက်တွေ့ပေါင်းစပ်၍ မိမိရောက်ရာ အရပ်ဒေသများတွင် ထပ်ဆင့်သင်ကြားပေးကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံတော်၏အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်နိုင်ရန်၊ သင်တန်းသားဘဝတွင် ဘက်စုံထူးချွန်အောင် ကြိုးစားကြရန် လိုအပ်ကြောင်းမှာကြားပြီး ပညာရေး(ဘီအီးဒီ) လေးနှစ်သင်တန်း စတုတ္ထနှစ်သင်တန်းသားငါးဦး၊ မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း ဒုတိယနှစ်နှစ်ဦး၊ ပညာရေး(ဘီအီးဒီ) တစ်နှစ်သင်တန်းသုံးဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၈၇ လမ်း အမှတ်(၇)နေ ဒေါ်ကြည်ငွေနှင့် သားသမီး၊ မြေးတစ်စုကဦးသောင်းဖေ(ကျိုက်ပိ) ဗိုလ်ချုပ်ဈေး ခြောက်လပြည့်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၃၁

နိုင်ငံတကာဟိုတယ်များ၊ နိုင်ငံတကာလေကြောင်းလိုင်းများ၊ သင်္ဘောလိုင်းများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းအပတ်စဉ်အသစ်ကို ဇွန်လ ဒုတိယပတ်အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အသိအမှတ်ပြု Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်းအသိအမှတ်ပြုသင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK) နှင့် Educational Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များကို နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ ဆရာမများက တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း ဇွန်လ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၁၀၂)ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၁၂ တို့ထံသို့ စုံစမ်းဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူ ကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျ မြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၄၂) ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက် ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန် အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၃၁

စာအုပ်စာပေ လူ့မိတ်ဆွေ

မိုးညိုမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဆင်ကျွန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါစာကြည့်တိုက်ကို မိုးညိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် အလှူငွေ၊ စာအုပ်စာစောင်နှင့် ပရိဘောဂများ လှူဒါန်းပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းခြင်း အခမ်းအနားကို ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ မင်္ဂလာဦးစာကြည့်တိုက်၌ မေ ၂၁ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူက စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်ဦးတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့နယ်၌ စာပေပျိုးခင်းစာကြည့်တိုက်ဖွင့်

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဝယ်ဘောင်ကျေးရွာအုပ်စု စာပေပျိုးခင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒေါင်အိုအုပ်စု လက်ပံအိုင့်ကျေးရွာ ဦးထွန်းသူရဇော်-ဒေါ်မိုးမိုး (အမေ့အိမ်ဘော်ဒါ)က ဆောက်လုပ်လှူဒါန်းမည့် အမေ့အိမ် စာကြည့်တိုက်ပန္နက်တင်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ကြိုင်တို့က ပန္နက်တင်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး ကြည့်မြင်တိုင်မြို့နယ်၌ သရုပ်ပြလေ့ကျင့်

ရန်ကုန် မေ ၃၁

ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ ကမ်းနားဈေး၊ ငါးဈေး၊ ညဈေး၊ ထီးတန်းဈေးကြီးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ကမ်းနားဈေးကြီးအတွင်း၌ မေ ၂၈ရက်က ကျင်းပသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ဇုန်နယ်မြေမှူး ဦးစောထွန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး ဈေးများဌာနမှူး ဦးဝေလွင်နှင့် တာဝန်ရှိသူများက ဈေးကြီးများ မီးဘေးအန္တရာယ်ကင်းစေရေးအတွက် ဟောပြောကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မြို့နယ်မီးသတ်စခန်းမှူး ဦးသန်းထက်အောင်နှင့်အဖွဲ့က ဈေးသူဈေးသားများအား မီးငြိမ်းသတ်ရေး လက်တွေ့ သရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၀၄၂)**

မွေးနေ့ဆုတောင်း

ချစ်သောဖေဖေ ဦးထွန်းဝင်း၏ ၁-၆-၂၀၁၁ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် အသက်ရာကျော်တိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် တရားဘာဝနာများ ကျင့်ကြံအားထုတ်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

- ချစ်ဇနီး - ဒေါ်ခင်ဝင်းမြင့်(ခ)မေတူး
- ချစ်သမီးကြီး - မန္တယ်နီမြင့်(ME-EC), MPT (နေပြည်တော်)
- ချစ်သမီးလတ် - မစုစန္ဒာထွန်း(BE-MC), ITC ဆင်တဲ(နည်းပြအရာရှိ)
- ချစ်သားငယ် - ဗိုလ်အောင်လှိုင်ဖြိုး(B.C.Sc, D.S.A)

ကျေးဇူးဆပ်မည် ကျွန်တော် မောင်ကျော်ကျော်နိုင်၏ မနလ အမှတ် ၆၀၁၅၀၆/၁၃-၁၀-၂၀၀၄ ပျောက်ဆုံး၍ တွေ့ရှိကအကြောင်းကြားပါရန်။ **ဖုန်း-၆၄၀၀၇၅။**

လူပျောက်ကြော်ငြာ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်ကျပ်ကျေးရွာနေ ဦးကျော်ခိုင်ဦး အသက်(၆၈)နှစ်မှာ အောင်မင်္ဂလာအဝေးပြေးကားဝင်းထဲတွင် ၂၃-၅-၂၀၁၁ရက်တွင် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း-၇၀၄၄၂၆၊ ၆၅၇၂၀၁။**

သွေးသည် အသက်

အမည်ပြောင်း ဦးစိုးဝင်း၏သမီး မော်လမြိုင်မြို့ ဖားအောက်ကျေးရွာ မဟာဝန်ရပ် အမက မူလွန်အမှတ်(၁) ဆဋ္ဌမတန်းမှ မဟေမာန်နှင်းအား မဟေမာနှင်းဟု ပြောင်းလဲခေါ်ပါရန်။ **မဟေမာနှင်း။**

S.S ခင်မောင်အေး ၏ သင်္ချာစာအုပ်များ

[illegible]

လူပျောက်

နန်းကြည်ဝင်းမေ(ခ)ခမ်းလောင်း အသက်(၁၂)နှစ် ဦးသန်းလွင်နေအိမ်မှ ပျောက်ဆုံးနေပါသဖြင့် အောက်ပါလိပ်စာအတိုင်း အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

ဦးပညာဗလ-ဖုန်း-၀၁-၅၄၂၅၀၂၊
ဦးကောဝိဒ-ဖုန်း-၀၉-၇၃၁၄၅၂၂၀။

အမည်ပြောင်း

ဦးမောင်မောင်သန်း၊ မြစ်ကြီးနားမြို့၊ အထက(၃)၊ စတုတ္ထတန်းမှ မောင်တက်နေဝင်းအား မောင်ထက်ဝေယံဟုပြောင်း လဲခေါ်ပါရန်။ **မောင်ထက်ဝေယံ။**

မိဘအမည်မှန်

မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာ၊(အထက-ခွဲ)၊ ပထမတန်းမှ မဟန်နီဝင်း၏ မိဘအမည်မှန်မှာ ဦးထွန်းထွန်းဝင်း-ဒေါ်ရွယ်ဆိုင်း ဖြစ်ပါသည်။

အမည်ပြောင်း

ဦးထွန်းထွန်းဝင်း၏သား၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာ၊ (အထက-ခွဲ)၊ ပထမတန်းမှ မဟန်နီဝင်းအား မဆိုင်းဆန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆိုင်းဆန့်။**

အမည်ပြောင်း ဦးငွေထွန်း၏သား မြစ်ကြီးနားမြို့၊ အထက(နန့်ပေါင်)၊ နဝမတန်း (C)မှ မောင်သူရိန်အား မောင်လဂမ်ယောင်းဒိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လဂမ်ယောင်းဒိုင်။**

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

(1)	Nikon Flash Speed Light (SB-900)	2 Nos
(2)	Digital Camera (D-300s & Nikon Lens AF SDX VR Zoom)	2 Nos
(3)	Telephone Set	20 Nos
(4)	D-Link Gigabit Switch 16-Port (100 Mbps-1000 Mbps)	2 Nos
(5)	Digital Recorder	1 No
(6)	Air Conditioner (Split Type)(2HP) With Installation Material	2 Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ရက် ညနေ ၃း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၅၃၆၀၂၉၊ ၅၃၄၅၇၄။

မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့၊ အမှတ်(၃) ရပ်ကွက်၊ သီရိမဟာလမ်းနေ ဦးဝင်းနိုင်(ခ)ဦးမြို့ကြိုင် ၁၂/ကမတ(နိုင်)၀၀၄၇၅၉၏သမီး မမြင့်မြတ်ဦး ၈/ပခက(နိုင်) ၁၉၉၁၃၆၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ၁၂-၇-၁၉၈၇ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၁) မြောက်ဥက္ကလာပမြို့နယ် သတ္တမတန်း(E)မှ မောင်မင်းသန့်၏ ဖခင် အမည်မှန်မှ ဦးပြေဆန်းဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသက်သက်မွန် နိုင်ငံကူး လက်မှတ် အမှတ် ၁၀၂၁၁၄၂၃ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၉၆၉၉၃၆၆။**

ပျောက်ဆုံးခြင်း

ကျွန်တော် ဝေလင်းအောင် CDC-၅၈၅၈၄၏ SID လက်မှတ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဝေလင်းအောင်** **ဖုန်း-၇၃၀၂၈၈၆၀။**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘရှား(ခ)ဘရွှေ၏ နိုင်ငံကူးလက်မှတ်နံပါတ် ၁၄၆၅၄၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၉၂၇၀၅၃။**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဘဏ်သိန်းထွဋ် CDC-45721၏ ရေကြောင်းဆိုင်ရာ PSC, AFF, SSO, First Aid လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၀၃၅၆၄၂။**

ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ တိုက်အမှတ်(၅)၊ (၆)ထပ်တိုက်၊ နှစ်ခန်းတွဲ အဆောက်အအုံ၏လေးလွှာ၊ တိုက်ရှေ့မျက်နှာမူလျှင်(ဝဲဘက်)ဟု ခေါ်တွင်သော (၁၂ပေခွဲ×၆၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းကို ရောင်းချပိုင်ခွင့် ရှိသူဟု ပြောလာသူ တိုက်ခန်းပိုင်ရှင်ဖြစ်ပြီး မြေပိုင်ရှင်လည်းဖြစ်သူ ဦးအောင်ခင် ၁၂/တမန(နိုင်)၀၁၁၉၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B(၂၂၇၄၇)၊ အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး
လင်း ဥပဒေအကြံပေးနှင့်အိမ်၊ ခြံ၊ မြေ၊ ဖုန်းအထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၅/၁၁)၊C1 ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၁၆၅၉၊ ၀၉-၇၃၁၀၇၉၉၈၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၉၂၅၁၈။

မြန်မာ့အလင်း မှူခင်းသတင်း

ဖြူးချောင်းတံတားပေါ်၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၊ နှစ်ဦးသေဆုံး

ဖြူး မေ ၃၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ မြောက်ဘက်အထွက် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဖြူးချောင်း တံတားပေါ်တွင် လူရွယ်နှစ်ဦး ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင် တိုက်မိသဖြင့် အခင်း ဖြစ်နေရာ၌ပင် နှစ်ဦးစလုံးသေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ပြင်းထန်စွာ ဒဏ်ရာရ

ဖြစ်စဉ်မှာ မေ ၃၀ ရက် နံနက် ၃ နာရီခန့်က ဖြူးရဲစခန်း မြောက်ဘက် တစ်မိုင်ခွဲခန့် ရေသျှံကြီးကျေးရွာ အုပ်စု ဝဲဒေါင့်ရွာအနီး ရန်ကုန်-မန္တလေး လမ်းဘေး မိုင်တိုင် ၁၄၃/၂နှင့် ၁၄၃/၃ အကြား ဖြူးချောင်းတံတားမြောက်ဘက် ထိပ်ပေါ်၌ တောင်ဘက်မှမြောက်ဘက်သို့ အမည်မသိ နေရပ်လိပ်စာစုံစမ်းဆဲ အသက်(၁၈)နှစ်ခန့် လူငယ်တစ်ဦး စီးနင်းလာသည့် နယူးအင်ဘို အနက်ရောင် ၁၉/ယ----နှင့် တောင်မှမြောက်သို့ အမည်မသိ နေရပ်လိပ်စာစုံစမ်းဆဲ အသက်(၃၀)အရွယ် အမျိုးသားတစ်ဦး စီးနင်းလာသော ဟွန်ဒါဒရင်း အနက်ရောင် နံပါတ်မထင်ရှား ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင် တိုက်မိရာ နှစ်စီးစလုံး တိမ်းမှောက်သွားကြပြီး ဆိုင်ကယ်စီးသူ နှစ်ဦးစလုံး ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိ၍ အခင်းဖြစ်နေရာ၌ပင် နှစ်ဦးစလုံး သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။

စုံစမ်း

ဆိုင်ကယ်နှစ်စီးမှာ ရှေ့ခွေများနှင့် ရှေ့ဖောက်များ ကျိုးကြေပျက်စီးသွားပြီး ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်၍ တိုက်မိ သေဆုံးသူ နှစ်ဦးတို့၏ အမည်နေရပ်လိပ်စာအား စုံစမ်းခဲ့ရာ အသက်(၁၈)နှစ်အရွယ် လူငယ်မှာ ရေသျှံကြီးကျေးရွာအုပ်စု ဝဲဒေါင့်ရွာ ဖွဲ့နှဆီစက်ဝင်းနေ ဦးနေဝင်း၏သား မောင်ကျော်သာဖုန်းတင့်ဖြစ်ကြောင်း သိရပြီး သေဆုံးသူ ကျန်တစ်ဦး၏ အမည်နှင့် နေရပ်လိပ်စာကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ (၁၁၃)

စက်ဘီးနှင့်ဆိုင်ကယ် တောင်တွင်းကြီး၌တိုက်

တောင်တွင်းကြီး မေ ၃၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်တွင်းကြီး-မကွေးကားလမ်းမပေါ်၌ မေ ၃၀ ရက် ည ၆ နာရီ ၁၅ မိနစ်ခန့်တွင် ဇင်ရော်စတိုးဆိုင်အနီး၌ အနောက်မှအရှေ့သို့ဦးတည်၍ ယာဉ်မောင်းကိုကိုအောင် အသက်(၂၀) (ဘ) ဦးအောင်ကျော်စိုး တောင်ပြင် (၁)ရပ်ကွက် တောင်တွင်းကြီးမြို့နေသူ မောင်းနှင်လာသော လော့ဂျာအမျိုးအစားဆိုင်ကယ် ယ/---အစိမ်းရောင်နှင့် တောင်တွင်းကြီး-မကွေးလမ်းမကြီးအတိုင်း အရှေ့မှအနောက်သို့ ဦးတည်၍ စက်ဘီးစီးနင်းလာသော အောင်မျိုးဇော် (၁၈)နှစ် (ဘ) ဦးနန်းတင် ကျွန်းတောရွာနှင့် စိုးမိုး(၂၅)နှစ် (ဘ) ဦးစိုးမြင့် ဥသျှစ်ကုန်းကျေးရွာနေသူတို့ စီးနင်းလာသည့် စက်ဘီးနှစ်စီးလမ်းတစ်ဖက်သို့ ရုတ်တရက်ချိုးကွေ့စဉ်တိုက်မိရာ စိုးမိုးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မောင်မောင်မြင့်ဆွေ ရေးသားသည်

လစ္စဘွန်း မေ ၃၁

ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုသည် ယူရို ၂၀၁၂ ခြေစစ်ပွဲကစားရန် ပေါ်တူဂီအသင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်က မေ ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

ပေါ်တူဂီအသင်းသည် ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် ဇွန် ၄ ရက်၌ နော်ဝေအသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိသည်။ ပေါ်တူဂီအသင်း ယူရိုခြေစစ်ပွဲ အောင်မြင်ရန် စီရိုနယ်ဒို၏ စွမ်းဆောင်မှုအပေါ် မူတည်နေကြောင်း ပေါ်တူဂီအသင်းနည်းပြ ပေါလိုဘင်တိုက ပြောကြားသည်။ ယူရို ၂၀၁၂ ခြေစစ်ပွဲများ ကစားရန် ပေါ်တူဂီအသင်းအတွက် ကစားသမား ၂၃ ဦးကို ရွေးချယ်ထားရာတွင် ဂိုး အီဒွါဒို၊ ပက်ထရီစီရို၊ ဗင်တူရာတို့ဖြစ်ပြီး နောက်တန်းကစားသမားများအဖြစ် ပီရေးရာ၊ ရိုလန်ဒို၊ ကာဗယ်လ်ဟို၊ အဲလ်ဗက်စ်၊ ဖာဘီရို၊ ပီပီ၊ ဆီလ်ဗီရိုတို့ ပါဝင်သည်။ အလယ်တန်းအတွက် မာချာဒို၊ မာတင်၊ မော်တင်ဟို၊ မိုင်ရီလက်စ်၊ ရူဘင်မီကယ်၊ ဒူဒါ၊ ဆန်တို့စ်တို့ ပါဝင်ပြီး တိုက်စစ်မှူးများအဖြစ် စီရိုနယ်ဒို၊ ဒင်နီ၊ ပိုစတီကာ၊ အယ်မီဒါ၊ နာနီနှင့် ဗာရီလာတို့ ပါဝင်ကြသည်။ (အင်တာနက်)

စားသောက်ကုန်များ ဆိုးဆေးပါဝင်မှု ကွင်းဆင်းစစ်ဆေး

ကနီ မေ ၃၁

ကနီမြို့နယ် ဈေးအတွင်း၌ ရောင်းချလျက်ရှိသောဈေးဆိုင်များအား သက်တမ်းလွန် စားသောက်ကုန်များ ရောင်းချမှုရှိမရှိနှင့် စားသုံးရန်မသင့်သည့် ဆိုးဆေးပါဝင်သော ကုန်ပစ္စည်းများရောင်းချမှု ရှိမရှိကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်သူဇာအောင်နှင့် အမှုဆောင် ဦးတင့်လွင်နှင့်အဖွဲ့သည် မေ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် စည်ပင်ဝန်ထမ်းများနှင့်တွေ့ဆုံ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများမှာကြား

တောင်ကြီး မေ ၃၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မေ ၃ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်၊ မြို့နယ်များအလိုက် မြို့ပြစီမံကိန်းများအား စနစ်တကျရေးဆွဲရန်၊ အဆောက်အအုံဆောက်လုပ်မှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းများကို စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်ရန်နှင့် စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အများပြည်သူများ နားလည်သဘောပေါက်စေရေး အခါအခွင့်သင့်တိုင်း ရှင်းလင်းပြောကြားသွားရန်နှင့် စည်ပင်သာယာရေး၊ မြို့၊ ရွာများဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို မှာကြားခဲ့သည်။

ထို့နောက် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေက ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

စီမံကိန်းတာဝန်ပေးအပ်ပွဲ မင်းတုန်း၌ ကျင်းပ

မင်းတုန်း မေ ၃၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာညွန့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးခင်အောင်က မြို့မတိုက်နယ် ၁၅ အုပ်စု၊ မဲဇလီ အုပ်စု ၂၁ အုပ်စု၊ တိုင်တားအုပ်စု ၂၂ အုပ်စု၊ အလယ်ချောင်း ၁၇ အုပ်စုတို့ကို စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်း ထွေတလာ

ကျောက်မဲမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ကျောက်မဲ မေ ၃၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကျောက်မဲမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက ကြီးမှူး၍ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၁၀-၂၀၁၁ နှင့် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ပွဲကို မေ ၂၁ ရက်က မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဒေသခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက အသက်(၈၀)နှင့်အထက် စစ်မှုထမ်းဟောင်း ၁၂ ဦး၊ ခြေနှစ်ဖက် စွန့်လွှတ်ခဲ့သူ မသန်စွမ်းစစ်သည် တစ်ဦး၊ ခြေတစ်ဖက် လက်တစ်ဖက် စွန့်လွှတ်ခဲ့သူတစ်ဦး၊ ခြေတစ်ဖက် လက်တစ်ဖက်နှင့်မျက်လုံးတစ်ဖက် စွန့်လွှတ်ခဲ့သူ ခုနစ်ဦး၊ နာမကျန်းဖြစ်သူ ခြောက်ဦး၊ စည်းရုံးရေးမှူးများ၊ ထူးချွန်ဝန်ထမ်းများနှင့် စစ်မှုထမ်းဟောင်း သားသမီး ၉၉ ဦးအတွက် ဂုဏ်ပြုငွေနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော ဘိုးဘွားဆေးခန်းနှင့် ပန်ကွမ်ကျေးရွာ မူလတန်းကျောင်းမှ အလယ်တန်းကျောင်းသို့ တိုးမြှင့်ရေးအတွက် အလှူငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ပညာသင်စရိတ် ဖျာပုံ၌ထောက်ပံ့

ဖျာပုံ မေ ၃၁

ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၂၃ ရက်က အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ထင်က အမှာစကားပြောကြားပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် တက်ရောက်သင်ကြားသော ကျောင်းသား ကျောင်းသူ ၂၀ တို့အား အခြေခံပညာမူလတန်းအဆင့် ငွေကျပ် ၁၀၀၀၀၊ အလယ်တန်းအဆင့် ငွေကျပ် ၁၂၀၀၀၊ အထက်တန်းအဆင့် ငွေကျပ် ၁၄၀၀၀၊ တက္ကသိုလ်ကောလိပ်အဆင့် ငွေကျပ် ၁၆၀၀၀ စုစုပေါင်း ငွေကျပ် ၂၄၆၀၀၀ကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က ပေးအပ်သည်။ **(အောက်ပုံ)** ဆက်လက်၍ ငွေကျပ် ၅၃၀၀၀ တန်ဖိုးရှိ စာရေးကိရိယာပစ္စည်းများကို ဒုတိယဦးစီးမှူး ဦးနေလင်းထွန်း၊ ဦးဝင်းနိုင်နှင့် ရုံးအုပ်ကြီး ဦးအောင်ကြည်တို့က ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝကသ)

ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ဂုဏ်ပြု

ကျိုက်ထို မေ ၃၁

ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းက ကြီးမှူးကျင်းပသော ၂၀၁၀-၂၀၁၁ ခုနှစ် ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း၏ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မေ ၁၂ ရက်က အသင်းရုံး၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးမောင်ချစ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဝိတင်၊ ဒုတိယဥက္ကဋ္ဌ ဦးခင်တိုးနှင့် အတွင်းရေးမှူး ဦးမျိုးမြင့်တို့က ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ဝန်ထမ်းများ၊ သက်ကြီးယာဉ်မောင်းနှင့် ယာဉ်များ ကြံ့ခိုင်မှု စစ်ဆေးမှုပြုလုပ်ပေးသော ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် မထသ)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



အင်ပူမြို့နယ် အမှတ်(၁)ရပ်ကွက် ခိုင်ရွှေဝါ(၁)လမ်းကွန်ကရစ်တံတား ခင်းခြင်းပြီးစီးမှုကို မေ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို မေ ၂၀ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၄ ရက်က မြို့တွင်းလမ်းဘေးဝဲယာရှိ အရိပ်ရပင်များ သပ်ရပ်မှုရှိစေရေးအတွက် ကိုင်းများရှင်းလင်းခြင်း၊ ပုံသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် ပရိက္ခရာလမ်းဖြတ် ကွန်ကရစ်ရေမြောင်း ဆောက်လုပ်နေမှုကို မေ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့နယ် ရုံးတုံးကျေးရွာချောင်းကူးတံတား သံကူကွန်ကရစ် ကြမ်းခင်းလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖိတ်ခေါ်အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ မွန်ပြည်နယ်၌ကျင်းပ၊ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(မွန်ပြည်နယ်)က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ဖိတ်ခေါ်အလွတ်တန်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေ ၂၉ ရက်က မော်လမြိုင်မြို့ မိုးလုံ လေလုံအားကစားခန်းမ၌ကျင်းပသည်။

ဆုများချီးမြှင့်

ထို့နောက် ပထမဆုရ(**အောက်ပုံ**) မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေမှ (၁၂၅) အသင်းအား မွန်ပြည်နယ် ယဉ်ကျေးမှုနှင့် အားကစားဝန်ကြီး ဒေါက်တာမင်းနွယ်စိုးကလည်းကောင်း၊ ဒုတိယဆုရ မော်လမြိုင်မြို့ မုပွန် ရပ်ကွက် နယ်မြေမှ ဧရာဝတီအသင်း အား သာသနာရေးနှင့်အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းလှိုင် ကလည်းကောင်း၊ တတိယဆုရ မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ် ဈေးမှ (MYC II) အသင်းအား မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင် ရေးဥက္ကဋ္ဌဦးနေဝင်းကလည်းကောင်း၊ စတုတ္ထဆုနှင့် နှစ်သိမ့်ဆု၊ အထူးဆု၊ အကောင်းဆုံးဆုတို့ကို ကျင်းပရေး ကော်မတီဝင်များက လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယှဉ်ပြိုင်ခဲ့

ပြိုင်ပွဲတွင်အသင်း ၂၈ သင်း ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲတွင် ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမ ဆု ငွေကျပ်လေးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် အား/ကာ)**

တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်နှင့် အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

ပင်လောင်း မေ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် တိုးချဲ့ကာကွယ် ဆေးထိုးစီမံချက် အသိပညာပေးရှင်းလင်းပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် ညနေ ၃ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်း ထွေးက တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်အကြောင်းကို အသိပေး ရှင်းလင်း ပြောကြားပြီး ပင်လောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့်အဖွဲ့ဝင်များက ပင်လောင်းမြို့နယ် ဆေးရုံအတွက် မွေးကင်းစ ကလေး အသားဝါရောဂါဓာတ်ကင်ရန် အပြာရောင်ဖန်ချောင်းနှင့် ဓာတ်ကင် အိမ်များကို ပေးအပ်လှူဒါန်းရာ ဒေါက်တာဒေါ်ခင်သိန်းထွေးက လက်ခံယူ ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၈၉)

ကျွဲ၊ နွားများ ရောဂါကာကွယ်ရေး ဟသ်ာတမြို့နယ်အတွင်း ကွင်းဆင်းကုသပေး

ဟသ်ာတ မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် လိပ်ခုံးကျေးရွာ အုပ်စုတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ ဒေါ်အေး အေးမာ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းမူတို့နှင့်အတူ တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ ပူးပေါင်း၍ မေ ၁၈ ရက်က နွားကောင်ရေ ၅၄၀အား ကျွဲ၊ နွားပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်း ထွေတလာ

ကြည့်ရှုစစ်ဆေး

မေ ၂၁ရက်က ပဲခူးတိုင်းဒေသကြီး စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဘောဘီအုန်း ပဲခူးမြို့ သနပ်ပင်လမ်းမတန်းရှိ ကက်ဦးထုပ် ထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း မှုခင်းသတင်း

တစ်ကိုယ်တော် စက်ဘီးခိုးသူ မော်လမြိုင် အမှတ် (၁) ဈေးအတွင်းဖမ်းမိ

မော်လမြိုင် မေ ၃၁

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ပိုင်ရှိ လူစည်ကားရာနေရာဖြစ်သော အမှတ်(၁) ဈေးဝင်းအတွင်း နေ့စဉ်ဈေးဝယ်သူများနှင့် ဆိုင်လုပ်သားများပိုင် စက်ဘီးများ မကြာခဏ အခိုးခံရလျက်ရှိရာ စက်ဘီးခိုးသူအား လက်ရ ဖမ်းဆီးမိနိုင်ရေးအတွက် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဆွေတို့ ကြီးကြပ်စီစဉ်မှုဖြင့် မော်လမြိုင်မြို့မရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် တင်မောင် မြင့်၊ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ခင်မော်ဇော်၊ တပ်ကြပ်ကြီး နေဝင်း၊ အမှတ်(၁)ဈေးခေါင်းနှင့် ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ ပူးပေါင်း ဆောင်ရွက်ခဲ့သောကြောင့် စက်ဘီးသူခိုးအား မော်လမြိုင် အမှတ်(၁) ဈေးအတွင်း စက်ဘီးများနှင့်အတူ လက်ပူးလက်ကြပ် ဖမ်းဆီးရမိလိုက် သည်။

သိမ်းဆည်းရမိ

တစ်ကိုယ်တော် စက်ဘီးသူခိုးဖြစ်သူ ရန်ကုန်မြို့နေ အောင်ထက် (ခ) ဇာနည်အောင် အသက် (၂၄)နှစ်သည် ဖေဖော်ဝါရီ ၁၀ ရက်မှ ဧပြီ ၁၀ရက်အထိ မော်လမြိုင်မြို့ အမှတ်(၁)ဈေးအတွင်း ရပ်ထားသည့် စက်ဘီးများကို အလစ်သုတ်ခိုးယူခဲ့ပြီး ရောင်းစားခဲ့ရာ စက်ဘီးခိုးယူသူ လိုက်လံရောင်းချသော မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းကျေးရွာတစ်ဝိုက် ဝယ်ယူထားသူများထံမှ စက်ဘီးအစီးပေါင်း ၂၃စီး တန်ဖိုးကျပ် ၁၀ သိန်းခန့် ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။ (၁၀၇)

သင့်ကြောင့် ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်

ဝက်ကူးစက်ရောဂါကာကွယ်ရေး အမြို့မြို့ အနယ်နယ်၌ ဟောပြော

နေပြည်တော် မေ ၃၁

ဘားအံမြို့နယ်၌ အသိပညာပေးဟောပြော

ဝက်နားရွက်ပြာရောဂါကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို မေ၁၆ရက်က ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာ မွေးမြူရေးဇုန်ရှင်းလင်း ဆောင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာဉာဏ်လင်းက ဝက်နားရွက်ပြာရောဂါ အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူး ဒေါက်တာမြမြစမ်းက တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးအကြောင်းကို လည်းကောင်း၊ မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာစောဖောင်ဟီက ဇီဝလုံခြုံမှု နှင့်ပတ်သက်၍လည်းကောင်း ဟောပြောပို့ချခဲ့ပြီး တက်ရောက်လာသူ မွေးမြူ ရေးသမားများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် မွေး/ကု)

မြင်းခြံခရိုင်၌ အသိပညာပေး ဟောပြော

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ ဝက်နားရွက်ပြာရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အသိ ပညာပေးဟောပြောပွဲကို မေ၁၆ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမူမူဝင်းက ဝက်နားရွက်ပြာရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရှိရသည်။ ***(အပေါ်ပုံ)*** *(ခရိုင် ပြန်/ဆက်)*

သံတောင်ကြီးမြို့နယ်၌ အသိပညာပေး ဟောပြော

ဝက်နားရွက်ပြာနှင့် ကူးစက်သော ရောဂါဆိုင်ရာများ ဟောပြောပွဲကို မေ ၂၇ ရက် နံနက် ၁၀ နာရီက သံတောင်ကြီးမြို့နယ် သံတောင်မြို့ အုပ်ချုပ် ရေးရုံးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သံတောင်ကြီး မြို့နယ် ဦးစီးအရာရှိ ဦးညိုမောင်နှင့် လိပ်သိုမြို့နယ်ဦးစီးမှူး ဒေါက်တာ မျိုးထွန်းတို့က ဝက်ရောဂါဆိုင်ရာများ ပညာပေးဟောပြောကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဝက်မွေးမြူသူ များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက သိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ *(မြို့နယ် မွေး/ကု)*

ဖြူးမြို့နယ်၌ အသိပညာပေးဟောပြော

ဝက်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေး ဟောပြောပွဲ ကို ဧပြီ၃၀ရက် မွန်းလွဲ ၁ နာရီက ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် ရန်ကုန်မြို့ ရောဂါပျံ့နှံ့မှု လေ့လာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုစုမွန်တို့က ဝက်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူ များက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဝမ်းတွင်းမြို့နယ်၌ အသိပညာပေးဟောပြော

ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ဝမ်းတွင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံးတွင် မေ ၁၀ ရက်ကကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာညွန့်ညွန့်ရီက ရောဂါကူးစက်ပုံနှင့် ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေး ခဲ့ကြကြောင်း သိရှိရသည်။ *(မြို့နယ် မွေး/ကု)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
  ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးအပျော်စီးသင်္ဘော

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး အပျော်စီးသင်္ဘောတစ်စင်းကို ဩစတြေးလျနိုင်ငံက ထုတ်လုပ်လိုက်ပြီ ဖြစ်သည်။ **(အပေါ်ပုံ)** ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ရေယာဉ်များ၌ အပြည့်အဝသုံးစွဲနိုင်မှုနှင့်ပတ်သက်ပြီး လက်တွေ့အကောင်အထည်ဖော်မှုတစ်ရပ်လည်း ဖြစ်သည်။

တစ်နှစ်ကြာမြင့်

ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် ဘရစ်ဘန်းမြို့ ပွန်တွန်သင်္ဘောကျင်း၌ ပြုလုပ်ခဲ့သော အဆိုပါနေစွမ်းအင်သုံး အပျော်စီးသင်္ဘောသည် အခြားမည်သည့် လောင်စာစွမ်းအင်ကိုမျှ အသုံးမပြုဘဲ နေစွမ်းအင်တစ်မျိုးတည်းသာ သုံးစွဲမောင်းနှင်ခြင်းဖြစ်သည်။ ယင်းသင်္ဘော တည်ဆောက်မှု အချိန်မှာ တစ်နှစ်ကြာမြင့်ခဲ့သည်။

တပ်ဆင်ထား

တူရာနော့ဟု အမည်ပေးထားသော ယင်းနေစွမ်းအင်သုံး အပျော်စီးသင်္ဘောသည် အရှည် ၃၁ မီတာ၊ အကျယ် ၁၅ မီတာရှိပြီး သင်္ဘော ခေါင်မိုးရှိ အကျယ် ၅၃၇ စတုရန်းမီတာပေါ်တွင် ဆိုလာပြား ၃၈၀၀၀ ကို တပ်ဆင်ထားသည်။ **စာမျက်နှာ ၃ ကော်လံ ၄** ❖

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး အက၊ ဂီတနှင့် တိုက်ကွမ်ဒို သရုပ်ပြ ဖျော်ဖြေတင်ဆက်။ (စာ-၅)

ယူရို ၂၀၁၂ ခြေစစ်ပွဲ ကစားရန် စီရိုနယ်ဒို ပေါ်တူဂီအသင်းနှင့် လေ့ကျင့်။ (စာ-၁၂)

ရွှေမယ်လိုဒီ ဂီတဆု ချောက်ဆုရ ပေါ့ပ်အဆိုတော် အေမိုင်၏ ဘဝဇာတ်ကြောင်း။ (စာ-၁၀)

မိုးညှင်းမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်။ (စာ-၁၁)